## တပ်မတော်အစိုးရကိုမထောက်ခံသည့် အမျိုးသားအင်အားစုများနှင့်လည်း ပူးပေါင်းမည်၊ ကိုအေးလွင်ပြော

မုံရွာ၊ ဇွန် – ၁

တပ်မတော်အစိုးရအားထောက်ခံသည်ဖြစ်စေ၊ မထောက်ခံသည်ဖြစ်စေ နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းမည်ဆိုပါက ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများအနေဖြင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာမျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) အမျိုးသားရေးဦးစီးကော်မတီဥက္ကဌ ကိုအေးလွင်က ယနေ့ပြောကြားလိုက်သည်။

ယနေ့ မုံရွာမြို့တွင်ပြုလုပ်သည့် အမျိုးသားနိုင်ငံရေးအင်အားစုများ၏ အမျိုးသားရေးတွေ့ဆုံဆွေးနွေးပွဲတွင် သတင်းထောက်တစ်ဦးက လက်ရှိတပ်မတော်အစိုးရအားထောက်လည်းမထောက်ခံ၊ ဆန့်လည်းမဆန့်ကျင်ဘဲ၊ အမျိုးသားနိုင်ငံရေးသီးသန့်ကိုသာလုပ်မည့် အဖွဲ့အစည်းပေါ်လာပါက အမျိုးသားနိုင်ငံရေးအနေဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိဟူသည့် မေးခွန်းအား ကိုအေးလွင်ကအောက်ပါအတိုင်းဖြေကြားသွားသည်။

''မည်သည့် ပုဂ္ဂိုလ်ကိုမဆို၊ မည်သည့်အဖွဲ့အစည်းကိုမဆို ကျွန်ုပ်တို့နဲ့အမျိုးသားနိုင်ငံရေး မူဝါဒတူတယ်၊ ချဉ်းကပ်ဆောင်ရွက်တဲ့နည်းလမ်းတူတယ်ဆိုရင် အဲဒီလိုပုဂ္ဂိုလ်မျိုးက ကျွန်တော်တို့ကိုလက်မတွဲဘူးဆိုရင်တောင် ကျွန်တော်တို့က သွားပြောပြီးဖိတ်ခေါ်ပါမယ်'' ဟုကိုအေးလွင်ကဖြေကြားသွားသည်။

အမျိုးသားနိုင်ငံရေးအင်အားစုများအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိ လှုပ်ရှားမှုနှစ်ခုအတွက် လက်ရှိတပ်မတော်အစိုးရနှင့် လက်တွဲဆောင်ရွက်မည်ဟုဆိုသော်လည်း တက်မတော်အစိုးရက အမျိုးသားနိုင်ငံရေးအင်အားစုနဲ့ လက်တွဲလုပ်ပါမယ်လို့ ယနေ့အထိမပြောသေးကြောင်း ကိုအေးလွင်ကပြောကြားသွားခဲ့သည်။

**(သီဟ)**